တိုရှိမားမြို့တွင်နေထိုင်သည့်နိုင်ငံခြားသားများထံသို့

# ခွေး၊ကြောင်များမွေးမြူရာတွင်လိုက်နာရမည့်စည်းမျဉ်းများ



ဂျပန်နိုင်ငံတွင်ခွေးနှင့်ကြောင်များမွေးမြူပါကလိုက်နာရမည့်စည်းမျဉ်းများစွာရှိပါသည်။
အောက်ပါစည်းကမ်းအကြောင်းအရာများကိုသေချာစွာမှတ်သားလိုက်နာပါ။

## ခွေးမွေးမြူပါက



### ခွေးမွေးမြူပါက ⇒စာရင်းသွင်းရပါမည်။ (A သို့ Bနည်းလမ်းတစ်ခုခုဖြင့်စာရင်းသွင်းရန်။)

**[A] microchip(လျှပ်စစ်ဓာတ်ပြား)ပါဝင်သည်**

စမတ်ဖုန်းဖြင့်စာရင်းသွင်းမည်။
400ယန်း
ဂျပန်နိုင်ငံထုတ်လျှပ်စစ်ဓာတ်ပြားများသာလက်ခံသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမှတ်ပုံတင်ဌာန

**[B] microchip(လျှပ်စစ်ဓာတ်ပြား)မပါဝင်ပါ**

အိခဲဘုခုရိုကျန်းမာရေးစင်တာတွင်စာရင်းသွင်းမည်။
3,000ယန်း
ကဒ်ပြားကိုရယူ၍(ခွေးလည်ပတ်တွင်ချိတ်ဆွဲထားပါ။)



တိုရှိမားမြို့မှအခြားဒေသသို့ပြောင်းရွှေ့နေထိုင်ပါက မိမိပြောင်းရွှေ့သည့်ဒေသ၏စည်းကမ်းအတိုင်းဆက်လက်လုပ်ဆောင်ရမည်။

### ခွေးမွေးမြူနည်း ⇒နေ့စဉ်ဘဝတွင်လိုက်နာရမည့်စည်းကမ်းများ

**၁နှစ်လျှင်၁ကြိမ်**

၁။ခွေးအားတိရစ္ဆာန်ဆေးကုခန်းတွင်ခွေးရူးပြန်ကာကွယ်ဆေးထိုးပေးရန်။



⇒ ၂။အိခဲဘုခုရိုကျန်းမာရေးစင်တာသို့သွားရန်။(ခွေးမခေါ်သွားရပါ)
ယူသွားရမည့်ပစ္စည်းများ
・ဆေးရုံမှထုတ်ပေးထားသောကာကွယ်ဆေးထိုးပြီးကြောင်းထောက်ခံစာ
・550ယန်း

⇒ ၃။ကာကွယ်ဆေးထိုးနှံပြီးကြောင်းကဒ်ကိုယူရမည်။
550ယန်း
လည်ပတ်တွင်ချိတ်ဆွဲရမည်။



**နေ့စဉ်**

မစင်ကိုအိမ်ပြန်သယ်ရန်
ဆီးကိုရေဖြင့်ဆေးကြောရန်။



မလွှတ်ထားရ။



ဟောင်နေသည့်အတိုင်းလွှတ်မထားရ။ဆုံးမရန်။



လမ်းလျှောက်ထွက်သည့်အချိန်တွင်
・ကာကွယ်ဆေးထိုးနှံပြီးကြောင်းကဒ်ကိုလည်ပတ်တွင်ချိတ်ဆွဲပါ
・ချည်ကြိုးနှင့်ချိတ်ဆက်ပါ
・ခွေးမစင်ပြန်သယ်ရန်မစင်အိတ်နှင့်ဆီးကိုဆေးကြောရန်ရေကိုသယ်ဆောင်သွားပါ။



## ကြောင်မွေးမြူပါက



ကြောင်မွေးမြူပါကစာရင်းသွင်းရန်မလိုအပ်ပါ။

<u>ကြောင်မွေးမြူနည်း ⇒ နေ့စဉ်ဘဝတွင်လိုက်နာရမည့်စည်းကမ်းများ</u>





၁။အိမ်အတွင်းတွင်မွေးမြူရမည်။
၂။လည်ပတ်တွင်နာမည်ကဒ်ချိတ်ဆွဲခြင်း၊တိရစ္ဆာန်ဆေးကုခန်းတွင်microchip(လျှပ်စစ်ဓာတ်ပြား)ကိုတပ်ဆင်ရမည်။
၃။သားပေါက်နှုန်းများသည့်အတွက်သားမပေါက်ပွားစေလိုပါကသားကြောဖြတ်ထားရမည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင်မည်သို့ဆောင်ရွက်ရမည်ကိုအနောက်ဘက်စာမျက်နှာတွင်ရှင်းပြထားပါသည်။

၂၀၂၅ခုနှစ်၊ဇွန်လတွင်ထုတ်ဝေသည်။

တိုရှိမားမြို့တွင်နေထိုင်သောနိုင်ငံခြားသားများထံသို့

# သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်အချိန်တိရစ္ဆာန်များကိုထိန်းသိမ်းမှုနှင့်ပတ်သက်၍

ဂျပန်နိုင်ငံသည်ငလျှင်နှင့်မုန်တိုင်းကဲ့သို့သောသဘာဝဘေးအန္တရာယ်များ များပြားသောနိုင်ငံဖြစ်သည်။

ဖြစ်ပွားသည့်အချိန်တွင်မည်သို့ဆောင်ရွက်ရမည်ကိုကြိုတင်စစ်ဆေးထားကြပါစို့။

## သဘာဝဘေးအန္တရာယ်မကြုံမီကြိုတင်ပြင်ဆင်ထားရမည့်အရာများ






### ခိုလှုံရမည့်နေရာကိုစစ်ဆေးရန်

- ညွှန်ကြားထားသည့်ကယ်ဆယ်ရေးစင်တာသို့သွားမည့်လမ်းကိုစစ်ဆေးပါ။
- အိမ်မွေးတိရစ္ဆာန်နှင့်အတူခိုလှုံနိုင်သည့်ဆွေမျိုး(သို့)မိတ်ဆွေထံကြိုတင်အကူအညီတောင်းပါ။
- အိမ်မွေးတိရစ္ဆာန်ကိုသိမ်းဆည်းပေးနိုင်တဲ့နေရာကိုကြိုတင်လေ့လာထားပါ

### အိမ်မွေးတိရစ္ဆာန်အားလုပ်ပေးထားရမည့်အရာ

- ကာကွယ်ဆေးထိုးနှံခြင်းနှင့်ရန်ကျန်းမာရေးထိန်းသိမ်းရန်
- နာမည်ကဒ်နှင့်လျှပ်စစ်ဓာတ်ပြားသေးကိုလည်ပတ်တွင်တပ်ဆင်ရန်။
- ယဉ်ကျေးအောင်ဆုံးမထားရန်(လှောင်အိမ်အတွင်းထည့်သွင်းထားပါ)

### အိမ်မွေးတိရစ္ဆာန်သုံးအရေးပေါ်အိတ်ပြင်ဆင်ရန်။

- ၅ရက်၊၇ရက်စာ အစားအစာနှင့်ရေ
- အိမ်မွေးတိရစ္ဆာန်သုံးအိမ်သုံးဆေးဝါးများ
- အိမ်သာသုံးစက္ကူစသည့်စသည့်တကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ
- ခိုလှုံရာနေရာတွင်အသုံးပြုမည့်လှောင်အိမ်

## ငလျှင်ကြီးဖြစ်ပေါ်ပါကသင်နှင့်သင့်အိမ်မွေးတိရစ္ဆာန်ဘာလုပ်ကြမလဲ။

သင့်နေအိမ်ပျက်စီးပါက?



| ၁။အိမ်တွင်နေထိုင်နိုင်သည်။ | → မဟုတ်ပါ | ၂။မိတ်ဆွေအိမ်တွင်အိမ်မွေးတိရစ္ဆာန်နှင့်အတူခိုလှုံနိုင်သည်။ | → မဟုတ်ပါ | ၃။အိမ်မွေးတိရစ္ဆာန်ကိုသာလက်ခံပေးမည့်မိတ်ဆွေရှိသည်။ | → မဟုတ်ပါ | အိမ်မွေးတိရစ္ဆာန်သုံးအရေးပေါ်အိတ်ကိုယူ၍အိမ်မွေးတိရစ္ဆာန်နှင့်အတူသတ်မှတ်ထားသောကယ်ဆယ်ရေးစင်တာသို့သွားပါ။ |
|---|---|---|---|---|---|---|
| အိမ်မွေးတိရစ္ဆာန်နှင့်အတူမိမိနေအိမ်တွင်နေထိုင်ပါ။ | | အိမ်မွေးတိရစ္ဆာန်သုံးအရေးပေါ်အိမ်ကိုယူဆောင်၍အိမ်မွေးတိရစ္ဆာန်နှင့်အတူဘေးရှောင်ပါ။ | | အိမ်မွေးတိရစ္ဆာန်သုံးအရေးပေါ်အိတ်နှင့်အိမ်မွေးတိရစ္ဆာန်ကိုအပ်နှံ၍ပိုင်ရှင်တစ်ဦးတည်းသာကယ်ဆယ်ဆေးစင်တာသို့သွားပါ။ | | |



[ကယ်ဆယ်ရေးစင်တာဆိုသည်မှာ]

ကြီးမားသောသဘာဝဘေးအန္တရာယ်များကျရောက်ချိန်တွင်ခိုလှုံနိုင်သောမိမိနှင့်နီးစပ်ရာမူလတန်းကျောင်းကဲ့သို့သောနေရာဖြစ်သည်။
အိမ်တွင်ဘေးရှောင်နေသော်လည်းအစားအစာရယူလိုပါကသွားရောက်ယူနိုင်ပါသည်။(အိမ်မွေးတိရစ္ဆာန်များအတွက်မရှိပါ)
ကယ်ဆယ်ရေးစင်တာတွင်တိရစ္ဆာန်အပ်နှံနိုင်သည့်အခန်းနှင့်လူများဘေးရှောင်နေထိုင်သောနေရာမှာသီးခြားစီဖြစ်သည်။
ကယ်ဆယ်ရေးစင်တာတွင်မိမိတိရစ္ဆာန်၏ကိစ္စအသွယ်သွယ်ကိုပိုင်ရှင်မှလုပ်ဆောင်ရပါမည်။

※ကယ်ဆယ်ရေးစင်တာတွင်တွားသွားသတ္တဝါများအားလက်မခံပါ။ (အပ်နှံနိုင်မည့်နေရာကိုကြိုတင်သတ်မှတ်ထားပါ)

[စုံစမ်းမေးမြန်းရန်နေရာ]
အိမ်မွေးတိရစ္ဆာန်နှင့်ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍.......အိခဲဘုခုရိုကျန်းမာရေးစင်တာ၀၃-၃၉၈၇-၄၁၇၅(တိုရှိမားခရိုင်၊ဟိဂရှိအိခဲဘုခုရို၄-၄၂-၁၆)
ကယ်ဆယ်ရေးစင်တာနှင့်ပတ်သက်၍..........သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံဌာန ၀၃-၄၅၆၆-၂၅၇၂

၂၀၂၅ခုနှစ်၊ဇွန်လတွင်ထုတ်ဝေသည်။